ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၄၀၀ကျပ် ငွေလေးရာကျပ် K 400

( ၁ )

# " မီးစက်အရောင်းအဝယ် – နှစ်ဦးသဘောတူကတိစာချုပ် "

**Brand New Matador Generator MW-33PS (Silent Type) 30 KVA (1)Unit**

**(So No. TCL-BSO-UNT-2023-11-0001)**

**(Sr No. 2023060343)**

**Contract No. WL-MS-842/2023**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့တွင် တာချီလိတ်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MW-33PS (Silent Type) 30 KVA (1)Unit မီးစက်အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

မီးစက်ရောင်းချသူ။ ။ ဦးနေဝင်းအောင် (ဘ) ဦးခင်မောင်မြင့်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် –၉/သစန(နိုင်) ၁၅၃၂၂၁
(for and on the behalf of Winning Way Co., Ltd.)
အမှတ်(၁၆၁)၊ မိုလ်ချုပ်လမ်း၊ ဆေးခမ်းရပ်၊ တာချီလိတ်မြို့။

မီးစက်ဝယ်ယူသူ။ ။ ဦးအောင်ကျော်ကျော် (ဘ) ဦးရန်ကျိန်ချုံး
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၃/လရန(နိုင်)၂၆၄၃၅၁
နေရပ်လိပ်စာ– အမှတ်(၅)၊ ခတ္တာလမ်း၊ ပါဆတ်ရပ်ကွက်၊ တာချီလိတ်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၉–၇၈၉၉၉၉၉၀၇။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၎င်းကုမ္ပဏီအပြင်၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်၊ အမွေဆက်ခံသူများ၊ ကုမ္ပဏီ၏ကိုယ်စားလက်မှတ်ရေးထိုးသူများ၊ တာဝန်ပေးအပ်ခံရသူများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ မီးစက်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MW-33PS (Silent Type) 30 KVA (1)Unit အတွက် တန်ဖိုးငွေ USD – 8,000/- (USD – Eight Thousand Only) (ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေ Landed Customer Site နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်း လာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင်ဝယ်ယူရန် မီးစက်ဝယ်ယူသူမှသဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟုမှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်" ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ မီးစက်ရောင်းချသူက မိမိရောင်းချသော Brand New Matador Generator MW-33PS (Silent Type) 30 KVA (1)Unit မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ် (သို့မဟုတ်) နာရီပေါင်း (၁,၀၀၀) စေ့ရောက်အသုံးပြုပြီးသည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်လွှဲပြောင်းချိန်မှစ၍ တစ်နှစ်ပြည့်မြောက်သောနေ့(သို့မဟုတ်)အသုံးပြုနာရီ(၁,၀၀၀)ပြည့်သည့်ကာလ(နှစ်)ခုအနက်စောစွာသောရက်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၀၀ကျပ် ငွေနှစ်ရာကျပ် K 200



၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီအလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့်မီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-33PS (Silent Type) 30 KVA (1)Unit အတွက် ၅၀% ဖြစ်သော တန်ဖိုးငွေ USD-4,000/- (USD – Four Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် (၁၁-၁၁-၂၀၂၃) ရက်နေ့တွင် (RV No. TCL-RV-2023-11-0010) ဖြင့် ရောင်းချသူ၏ တာချီလိတ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီး ဖြစ်ပါသည်။

၉။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MW-33PS (Silent Type) 30 KVA (1)Unit အတွက် ၅၀% ဖြစ်သော တန်ဖိုးငွေ USD –4,000/- (USD – Four Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၃ခုနှစ် ၊ နိုဝင်ဘာလ မီးစက်လွှဲပြောင်းပြီး (၂၄)နာရီကြာချိန်တွင် ရောင်းချသူ၏ တာချီလိတ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

(မှတ်ချက် ။ ။ မီးစက်ဝယ်ယူသူမှ ပေးချေရမည့် ငွေများအားလုံးကို (Winning Way Co.,Ltd Bank Account No. 0215030210548160l) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။)

<u>ရောင်းချသူ၏တာဝန်များ</u>

၁၀။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၁၁။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Winning Way Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၀၀ကျပ် | ငွေနှစ်ရာကျပ် | K 200

( ၃ )

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ညီစွာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
|---|---|
| ဦးနေဝင်းအောင် (၉/သစန(နိုင်) ၁၅၃၂၂၁) | ဦးအောင်ကျော်ကျော် (၁၃/လရန(နိုင်)၂၆၄၃၅၁) |
| (for and on the behalf of Winning Way Co., Ltd.) | |

အသိသက်သေများ

လက်မှတ် -
အမည် - [illegible]ထက်အောင်
နသေအမှတ် - ၉/သစန(နိုင်)၂၁၅၃၇၈
နေရပ် - အမှတ်(၁၆၁)၊ ဗိုလ်ချုပ်လမ်း၊
- ဆေးခမ်းရပ်၊ တာချီလိတ်မြို့။

လက်မှတ် -
အမည် - ဦး[illegible]
နသေအမှတ် - ၁၃/လကန(နိုင်) ၁၀၁၁၁၂
နေရပ် - တာချီလိတ်
-

လက်မှတ် -
အမည် - ချိုနွယ်ဦး
နသေအမှတ် - ၈/ရနခ(နိုင်)၁၅၀၁၅၁
နေရပ် - အမှတ်(၁၆၁)၊ ဗိုလ်ချုပ်လမ်း၊
ဆေးခမ်းရပ်၊ တာချီလိတ်မြို့။